# ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး
# ဗဟိုဌာနချုပ်
# ကော်သူးလေ

www.knuhq.org

## မြန်မာပြည်တွင်းဗုံးခွဲတိုက်ခိုက်မှုနှင့်ပတ်သက်သော KNU ကရင်အမျိုးသားအစည်းအရုံးခေါင်းဆောင်များ အရေးပေါ်အစည်းအဝေးသတင်းထုတ်ပြန်ချက်

**၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်**

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်တွင် KNU ကရင်အမျိုးသားအစည်းအရုံး၊ ဗဟိုဌာနချုပ်မှ အရေး ပေါ်အစည်းအဝေး တစ်ရပ်အား ဘားအံခရိုင် တပ်မဟာ (၇) ဌာနချုပ်၌ ပြုလုပ်ခဲ့ပါသည်။

အရေးပေါ်အစည်းအဝေးတွင် ခရိုင်၊ တပ်မဟာများမှ ခရိုင်ဥက္ကဌများ၊ တပ်မဟာမှူးများနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ ဗဟိုအမြဲတမ်းကော်မတီဝင်များနှင့် အခြားဖိတ်ကြားထားသော ဒေသခံခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် လက်ရှိမြန်မာပြည်ဒေသအနှံ့အပြားတွင်ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှု ဖြစ်စဉ်များနှင့် KNU ကရင်အမျိုးအသားအစည်းအရုံးအဖွဲ့ဝင် အချို့တို့ ပါဝင်ပတ်သက်နေမှုများကိုကျယ်ကျယ် ပြန့်ပြန့် ပွင့်ပွင့်လင်း လင်း ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးမှ KNU ကရင်အမျိုးသားအစည်းအရုံး၏ ငြိမ်းချမ်းသောတွေ့ဆုံဆွေးနွေးမှုဖြင့် နိုင်ငံရေးအဖြေရှာမှု ပေါ်လစီ ကို ထပ်ဆင့်အတည်ပြုသည်။ ဗုံးခွဲတိုက်ခိုက်မှုဖြစ်စဉ်တွင် အပြစ်မဲ့ဓားစာခံဖြစ်ရသူများနှင့် ယင်းတို့၏ မိသားစုဝင်များ အတွက် KNU ကရင်အမျိုးသား အစည်းအရုံးမှ အထူးဝမ်းနည်းကြေကွဲပါကြောင်း၊ မည်သည့်အခြေအနေမျိုးတွင်မဆို KNU ကရင်အမျိုးသားအစည်းအရုံးမှ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များတွင် ပါဝင်ပတ်သက်မည်မဟုတ်သည့်နည်းတူ၊ ယင်းလုပ်ရပ်များအားလည်း ပြင်းပြင်းထန်ထန်ဆန့်ကျင်ကန့်ကွက်ပါသည်။

အစည်းအဝေးမှ စာနာမှုကင်းသည့်ဗုံးပေါက်ကွဲမှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား ဥပဒေ နှင့်အညီ အရေးယူအပြစ်ပေးနိုင်ရေးအတွက် **“ဗုံးခွဲတိုက်ခိုက်မှုဖြစ်စဉ်ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးကော်မစ်ရှင်”** တစ်ရပ်အား အဖွဲ့ဝင်(၇)ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းခဲ့ပါသည်။

၁။ ဗိုလ်မှူးကြီး စောရောဂျာခင် - အဖွဲ့ခေါင်းဆောင်
၂။ ဗိုလ်မှူးကြီး စောဖေါဒို - အတွင်းရေးမှူး
၃။ ဗိုလ်ချုပ်ကြီးစောဂျော်နီ - အဖွဲ့ဝင်
၄။ ဗိုလ်ချုပ်စောအိုင်းဇက်ဖိုး - အဖွဲ့ဝင်
၅။ ပဒိုစောအောင်မော်အေး - အဖွဲ့ဝင်
၆။ ဗိုလ်မှူး စောတာမလာသော - အဖွဲ့ဝင်
၇။ ပဒိုစောအယ်ကလူစေး - အဖွဲ့ဝင်

ကော်မတီသည် စုံစမ်းစစ်ဆေးမှု၏တိုးတက်မှုအဆင့်တိုင်းကို ပွင့်လင်းမြင်သာမှုကိုအခြေခံလျက် သတင်းထုတ်ပြန်သွား မည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
KNU ကရင်အမျိုးသားအစည်းအရုံး

ဆက်သွယ်ရန်။ ။ ပဒိုစောကွယ်ထူးဝင်း ဖုံး - (+66) 0818076279 and (+95) 09422191941
ပဒိုမန်းငြိမ်းမောင်၊ ဖုံး - (+66) 0907459731 and (+95) 094252997853